Bibliographic Data

Author	ကြန် ၊ ဒေါ်	KYAN , Daw	Kran‘ , Do‘	**Art.** MK0021A

Article Title

သီပေါမင်း ပါတော်မူချိန်က ဗြိတိသျှ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတို့၏ အခြေအနေ

The General Condition of the People of British Burma at the time of the Deposition of King Thibaw

Si¯po man‘" pa¯to‘ mu khyin‘ ka Britishya Mran‘ma¯ nuin‘ nam su Mran‘ma¯ nuin‘ nam sa¯" to' e* a khre a ne

Title (Book/Serial)

ပြည်ထောင်စု မြန်မာနိုင်ငံ စာပေနှင့် လူမှုရေး သိပ္ပံဂျာနယ်

Burma Journal of Literary and Social Sciences

Issue and Volume Vol. 2, No. 2

Edition

Place/ Publisher

Distributor

Ed. Date May, 1969

Pagination p. 1 - 24

Annotation

The author describes the condition of people in British Burma at annexation. British Burma comprised Arakan, Tenasserim and Pegu in 1862 and was administered by a Chief Commissioner. The British annexed Upper Burma in Jan. 1886 and this paper deals with the general condition of the Myanmar people whose traditions were still very strong, and barely tinged with Western influences. The new administrative and economic systems brought about major changes in the social order. The author emphasizes economic conditions-- revenues and taxes--and colonial education at that time.

Subject Terms

1. Myanmar - History - British rule (1885 - 1886)
2. Myanmar - Economic condition
3. Myanmar - Politics and government
4. Education - Myanmar

Key Words

1. Revenues
2. Taxes

သီပေါမင်း ပါတော်မူချိန်က ဗြိတိသျှ မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ အခြေအနေ

ဒေါ်ကြန်

မြန်မာနိုင်ငံ သမိုင်းကော်မရှင်

ဒေါ်ကြန်။ ။**သီပေါမင်း ပါတော်မူချိန်က ဗြိတိသျှမြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ အခြေအနေ။** ပြည်ထောင်စုမြန်မာနိုင်ငံ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ် (၁၉၆၉) ၂–၂။ ၁-၂၄။ ။ရခိုင်၊ တနင်္သာရီနှင့် ပဲခူးနယ်တို့ကို ၁၈၆၂-ခုနှစ်တွင် ဗြိတိသျှမြန်မာနိုင်ငံခေါ်တွင်စေလျက် မဟာဝန်ရှင်တော်မင်းကြီးက ကွပ်ကဲအုပ်ချုပ်ခဲ့လေသည်။ အထက်မြန်မာပြည်ကို ဗြိတိသျှတို့ သိမ်းပိုက်လိုက်ချိန်ဝယ် ဗြိတိသျှမြန်မာနိုင်ငံသည် စိုးမိုးသူသစ် စံနစ်သစ်တို့လက်အောက်တွင် အခြေတကျရှိရန် ကြိုးစားနေပေပြီ။ ရှေးထုံးစဉ်လာ ရိုးရာလည်း မပျက်နိုင်ငံခြား လွှမ်းမိုးမှု အငွေ့အသက်များလည်း ရောစွက်နေပြီဖြစ်သော ထိုစဉ်က ဗြိတိသျှမြန်မာနိုင်ငံသားတို့၏ ယေဘုယျ အခြေအနေကို ဤစာတန်းတွင် သုံးသပ်တင်ပြထားပါသည်။ အုပ်ချုပ်ရေးစံနစ်သစ်၊ စီးပွါးရေးစံနစ်သစ်တို့ကြောင့် လူမှုရေးစံနစ်ဟောင်းလည်း အသစ်ပြောင်းလဲခဲ့သည်။ ဆန်စပါးကို အစဉ်အလာ ဝမ်းစာလုံရုံ စိုက်ပျိုးခြင်းမှ အမြတ်အစွန်းရရန် စီးပွါးဖြစ် စိုက်ပျိုးလာကြသည်တွင် စပါးခင်းကြီးများ တိုးတက်ကျယ်ပြန့်လာကြသည်။ ဆန်စပါး အရောင်းအဝယ် ကြီးပွါးဖွံ့ဖြိုးခဲ့သည်။ ထုတ်ကုန် သွင်းကုန် ကိန်းဂဏန်းများ ကြီးမားလာခဲ့သည်။ တိုင်းပြည်စီးပွါးရေး တိုးတက်ခဲ့လေသည်။ သို့သော် အရင်းရှင် စီးပွါးရေးစံနစ်အောက်တွင် လုပ်ငန်း ကြီးထွား တိုးပွါးသလောက် မြန်မာတောင်သူလယ်သမားများ အကျိုးခံစားခွင့် မရကြပေ။ ကြွေးတင်သူ လယ်မြေ လက်လွှတ်သူများသာ ရှိလာခဲ့လေသည်။ တဦးချင်းအကျ အိန္ဒိယပြည်ထက် ၂-ဆပိုသော အခွန်တော်ကို ထမ်းဆောင်ကြရပေသည်။ ထိုစဉ်က ဗြိတိသျှမြန်မာနိုင်ငံသူ နိုင်ငံသားတို့မှာ ဝမ်းရောဂါနှင့် ကျောက်ရောဂါတို့၏ ဖိစီးနှိပ်စက်မှုကိုလည်း ခံနေကြရလေသည်။ ပညာရေးကို တာဝန်မယူသော နယ်ချဲ့အစိုးရ၏ ပညာရေးဝါဒကြောင့် နိုင်ငံသူ နိုင်ငံသားတို့၏ ပညာရေးအခြေခံမှာ သမရိုးကျ ပညာရိပ်မြုံ ဘုန်းတော်ကြီးကျောင်းများကိုပင် အားထားနေကြရဆဲ ဖြစ်လေသည်။

ဗြိတိသျှ မြန်မာနိုင်ငံ ဟူရာ၌ ရခိုင်၊ တနင်္သာရီနှင့် ပဲခူးနယ်တို့ကို ဆိုလိုပါသည်။ ရခိုင်နှင့် တနင်္သာရီမှာ ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲအပြီး ၁၈၂၆-ခုနှစ်တွင်၎င်း၊ ပဲခူးနယ်မှာ ဒုတိယ အင်္ဂလိပ် နယ်ချဲ့စစ်ပွဲအပြီး ၁၈၅၂-ခုနှစ်တွင်၎င်း၊ ဗြိတိသျှတို့လက်သို့ ကျရောက်ခဲ့ခြင်း ဖြစ်လေသည်။ ဗြိတိသျှ အာဏာပိုင်တို့သည် ယင်းသုံးနယ်ကို အစပထမ၌ ခရိုင်ဝန်ရှင်တော်မင်းကြီး တဦးစီ လက်အောက်တွင် သီးခြားထား၍ အုပ်ချုပ်စေခဲ့သည်။ ထိုနောက် ၁၈၆၂-ခု၊ ဇန်နဝါရီလ ၃၁-ရက်နေ့စွဲပါ အိန္ဒိယအစိုးရ၏ ပြဋ္ဌာန်းချက်အရ ယင်းသုံးနယ်

ဒုတိယအကြိမ် မြန်မာနိုင်ငံ သုတေသနဆွေးနွေးပွဲတွင် ၁၉၆၇-ခု၊ မတ်လ ၂၁-ရက်နေ့၌ ဖတ်ကြားသည်။

ကို ဗြိတိသျှ မြန်မာနိုင်ငံ ခေါ်တွင်စေလျက် မဟာဝန်ရှင်တော်မင်းကြီး တဦးက တပေါင်းတည်း ကွပ်ကဲ အုပ်ချုပ်ရလေသည်။ အထက်မြန်မာပြည်ကို ၁၈၈၅-ခု၊ နှိဝင်ဘာလအတွင်း ဗြိတိသျှတို့ ချီတက်သိမ်းပိုက်၍ သီပေါမင်း ပါတော်မူသည့် အချိန်ဝယ် စိုးမိုးသူသစ် စံနစ်သစ်တို့ လက်အောက်ရှိ ဗြိတိသျှ မြန်မာနိုင်ငံသူ့ နိုင်ငံသားတို့မှာ ဘဝသစ် သို့မဟုတ် သမိုင်းကဏ္ဍသစ်၏ အစတွင် အခြေတကျ ရှိစေရန် ကြိုးပမ်းနေကြပြီဟု ဆိုရပါမည်။ ဤစာတန်းတွင် ထိုစဉ်က ဗြိတိသျှ မြန်မာနိုင်ငံသူ့ နိုင်ငံသားတို့၏ ယေဘုယျ အခြေအနေကို လက်လှမ်းမှီသမျှ အထောက်အထားတို့မှ ထုတ်နုတ်စိစစ်၍ တင်ပြရန် ရည်သန်ပါသည်။

ဗြိတိသျှ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၁၈၈၁-ခုနှစ် သန်းခေါင်စာရင်း ကောက်ယူခဲ့စဉ်က ၃၇၃၆၇၇၁-ယောက်ရှိခဲ့ရာ တနှစ်လျှင် ၄-ရာခိုင်နှုန်းခန့် တိုးပွါးမှု ရှိသည်ဟူသော ခန့်မှန်းချက်အရသော် ၁၈၈၅-ခုနှစ်တွင် ၄၅၀၇၃၆၀-ယောက် ရှိမည်ဟု ယူဆရပါသည်[၁]၊ နိုင်ငံအတွင်း နေထိုင်ကြသူများမှာ အကြမ်းပြင်းအားဖြင့် မြန်မာ၊ ရခိုင်၊ ချင်း၊ ကရင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားများနှင့် တရုတ်၊ ကုလား၊ ဥရောပသား စသည့် နိုင်ငံခြားသားများဖြစ်ကြသည်၊ လူဦးရေ၏ ရာခိုင်နှုန်း အများဆုံးမှာ ကျေးလက် တောရွာနေ လယ်ယာ ကိုင်းကျွန်းသမားများ ဖြစ်ကြ၏၊ ဗြိတိသျှ အစိုးရတို့လက်ထက် စီးပွါးရေး စံနစ်သစ်အရ လယ်မြေကို ဝမ်းစာနှင့် အိမ်တွင်းမှုလုံရန် လုပ်ဆောင်ကြခြင်းမှ စီးပွါးဖြစ်ရောင်းချရန် စိုက်ပျိုး လုပ်ကိုင်ကြသည်တွင် ယင်းတောလက် ကျေးရွာနေ လယ်ယာ ကိုင်းကျွန်း သမားတို့ လုပ်အင်လုပ်အားအပေါ် အညွန့်ခူး ခေါင်းပုံဖြတ် အမြတ် ထုတ်သည့် ကုန်သည် ပွဲစား ငွေရှင်ကြေးရှင် လူတန်းစားတရပ်လည်း ပေါ်ပေါက်ခဲ့သည်၊ ယင်းလူတန်းစားတွင် တိုင်းရင်းသားတို့ထက် တရုတ်၊ ကုလား၊ ဥရောပစသည့် နိုင်ငံခြားသားတို့ များလေသည်၊ ဗြိတိသျှ မြန်မာနိုင်ငံတွင် ၁၈၈၁-ခုနှစ်ကပင် ဥရောပသားနှင့် ဥရောပအာရှကပြား ၁၁၈၆၀-ယောက်၊ တရုတ် အမျိုးသား ၁၁၂၉၆၂-ယောက်နှင့် အိန္ဒိယ အမျိုးသား ၂၄၆၂၀၉-ယောက် ရှိနေခဲ့ပြီ ဖြစ်သည်[၂]၊ စီးပွါးရေး အလုပ်အဆောင် အရောင်းအဝယ် ကောင်းမွန် တိုးတက်ခြင်းကြောင့် နှစ်စဉ် အကန့်အသတ် အဆီး အတားမရှိ ဝင်ရောက်လာကာ အတည်တကျ နေထိုင်သူ ပေါများလာသဖြင့် ၁၈၈၅-ခုနှစ်တွင်မူ နိုင်ငံခြားသားဦးရေမှာ ထို့ထက် များစွာ ပိုမိုရှိနေမည်ဟု ခန့်မှန်းရပေသည်၊ ထိုသူတို့သည် ကူးသန်း ရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးပွါးမှုကြောင့် စည်ပင် ကြီးထွားလာသော သင်္ဘော ဆိပ်ကမ်း မြို့ကြီးများ၊ ခုထားလမ်းကျရာ မြို့ကြီးမြို့ငယ်များတွင် နေထိုင်ကြလျက် မြန်မာ့ စီးပွါးရေးကို ချုပ်ကိုင်လုပ်ဆောင်လျက်ရှိကြလေသည်၊ မြို့နေလူဘန်းစားမှာ စင်စစ် လူနည်းစုသာဖြစ်၍ စုစုပေါင်း ၄၂၅၇၇၅-ယောက် သို့မဟုတ် လူဦးရေ၏ ၁၁.၄ ရာနှုန်းမျှသာ ရှိလေသည်[၃]၊ လွတ်လပ်စွာလုပ်ဆောင်မှု တည်းဟူသော ဗြိတိသျှအစိုးရ၏ စီးပွါးရေးဝါဒသည် ခေါင်းပုံဖြတ် အမြတ်ကြီးစား အရင်းရှင်စီးပွါးရေးစံနစ်ကို မြေတောင်မြှောက်ခဲ့သည်၊ ယင်း စီးပွါးရေးစံနစ် ထွန်းပသည်နှင့်အမျှ ယင်းကို မှီးသည့် လူမှုရေး စံနစ်သစ်၊ လူ့ဆက်ဆံရေးစံနစ်သစ်တို့လည်းဖွံ့ဖြိုးခဲ့ကြသည်တွင် လူတန်းစား ကွဲပြားမှု တည်းဟူသော ရလဒ်တို့လည်း မလွဲမရှောင်သာ ပေါ်ပေါက်ခဲ့လေသည်၊ သို့နှင့် ၁၈၈၅-၆–ခုနှစ် ဗြိတိသျှ မြန်မာနိုင်ငံတွင် စီးပွါးရေး အလုပ်အဆောင်ကိုလိုက်၍ လခစား၊ ကုန်သည်ပွဲစား၊ မြေပိုင် လယ်ပိုင်ရှင်နှင့် လယ်သမားဟူ၍ရှင်း၊ နေထိုင်ရာ ဌာနဒေသကိုလိုက်၍ မြို့သား၊ တောသားဟူ၍ရှင်း လူတန်းစား ကွဲပြားမှုများ ရှိနေခဲ့ပြီ ဖြစ်လေသည်၊ အထက်မြန်မာပြည်ကို ဗြိတိသျှတို့ ချီတက် သိမ်းပိုက်၍ သီပေါမင်း ပါတော်မူသည့်အချိန်က အောက်မြန်မာပြည်ရှိ ယင်းမြို့နေ တောနေ လူတန်းစားတို့၏ ယေဘုယျ အခြေအနေမှာ အောက်ပါအတိုင်း ရှိနေကြလေမည်ဟု ခန့်မှန်းရပါသည်။

ဗြိတိသျှမြန်မာနိုင်ငံတွင် ကူးသန်း ရောင်းဝယ်ရေး ဖွံ့ဖြိုးမှုပေါ် မူတည်၍ စည်ပင် ထွန်းကားလာသော မြို့ကြီးမြို့ငယ်များမှာ စင်စစ်အားဖြင့် ဌာနေမဟုတ်သူများ စုပေါင်းနေထိုင်ကြသည့် စီးပွါးရေးရပ်ကွက်များသာ ဖြစ်ကြသည်။ မြန်မာဘုရင် အစိုးရ လက်အောက်တွင်မူ နေပြည်တော်မှအပ ကျန်မြို့ကျေးရွာများတွင် မြို့နှင့်ရွာဟူ၍ အလုပ်အဆောင် အနေအထိုင် ထူးထွေကွဲပြားခြင်း မရှိခဲ့ချေ၊ မိမိ ရာထူးဌာနန္တရ အခြေ

အနေ အရိုးအနွယ်အလိုက် သတ်မှတ်သည်ထက် စီးနင်းဆောင်ရွက်နေထိုင်မှု မပိုမလွန်နိုင်ကြချေ၊ ဗြိတိသျှအစိုးရတို့လက်ထက်တွင်ကား ယင်း သတ်မှတ်ကွပ်ညှပ်ချက် စည်းကမ်း ကလနားများ ကင်းလွတ်သည်နှင့် မြို့ရွာ နယ်မြေများမှာ စီးပွါးရေးအလုပ်အဆောင်ကိုလိုက်၍ ကြီးထွား တိုးတက်ခွင့် ရခဲ့လေသည်၊ ဗြိတိသျှမြန်မာနိုင်ငံတွင် ၁၈၈၅-ခုနှစ်က ယင်းသို့ ကြီးထွားတိုးတက်ပြီး တိုးတက်ဆဲ မြို့ကြီး မြို့ငယ်ပေါင်း ၂၀ ရှိသည်၊ သို့သော် လူဦးရေ ၅၀၀၀-ကျော်သည်ကိုအစွဲအမှတ်ပြု၍ သတ်မှတ်ခြင်းဖြစ်ရကား များစွာသောမြို့တို့မှာ မြို့မည်ကာ မတ္တမျှသာ ဖြစ်ကြသည်၊ ထို့ပြင် ထိုစဉ်က စီရင်စု ၁၉-ခု ရှိသည့်အနက် စီးပွါးရေးအကွက် အကွင်း မသင့်သည့် စီရင်စု ၆-ခုတို့တွင် မြို့ဟူ၍ လုံး၀ မရှိသေးဖြစ်လေသည်[၄]၊ မြိတ်၊ ကြံခင်း၊ ရွှေကျင်၊ ပေါင်းတည်၊ ပန်းတနော်၊ ပဲခူး၊ အာလံ၊ မြန်အောင်နှင့် လေးမျက်နှာတို့မှာ လူဦးရေ ၅၀၀၀–ကျော်ရှိ၍ ထိုစဉ်ကပင် မြို့စာရင်း၀င်ပြီး ဖြစ်ကြသည်၊ ရွှေတောင်၊ ညောင်တုန်း၊ ထား၀ယ်၊ သရက်၊ ဟင်္သာတနှင့် တောင်ငူမြို့များမှာလူဦးရေ ၁၂၀၀၀-မှ ၁၇၀၀၀-ထိ ရှိသော မြို့များဖြစ်ကြသည်။ ပုသိမ်မြို့နှင့် ပြည်မြို့တွင်မူ လူဦးရေ ၂၈၀၀၀၊ စစ်တွေမြို့တွင် ၃၃၀၀၀-နှင့် မော်လမြိုင်မြို့တွင် ၅၃၀၀၀-ခန့်အသီးသီးရှိကြသည်၊ ရန်ကုန်တွင်မူ ထိုစဉ်က ၁၃၀၀၀၀-ကျော်ရှိနေပြီ ဖြစ်လေသည်[၅]။

ထိုမြို့သား ဦးရေတွင် အထူးသဖြင့် ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်နှင့် စစ်တွေမြို့များ၌ တိုင်းရင်းသားထက် နိုင်ငံခြားသား ဦးရေက များလေသည်၊ အနည်းငယ်မျှသော မြို့နေ တိုင်းရင်းသားများမှာလည်း ယင်းမြို့ကြီး မြို့ငယ် ဇာတိနည်းပါး၍ ရေကြည်ရာ မြက်နုရာဟူသကဲ့သို့ အသက်မွေး၀မ်းကျောင်း စီးပွါးလမ်းဖြောင့်ရာ အလျဉ်းသင့်ရာတွင် လာရောက်နေထိုင်ကြသူများသာ ဖြစ်ကြသည်၊ ထို့ကြောင့် မြို့သူမြို့သားဟူသည် အလုပ်အကိုင်အားဖြင့်၎င်း, မျိုးနွယ်အားဖြင့်၎င်း ကွဲပြားသည့် လူအမျိုးမျိုးတို့ စုပေါင်းပါ၀င်သည့်အဖွဲ့အစည်းသာ ဖြစ်ချေသည်၊ အသက်မွေး ၀မ်းကျောင်းအားဖြင့်သော် မြို့သားများသည် အစိုးရမှုထမ်းကြီးငယ်များ၊ ကုန်သည်ပွဲစား ကြီးငယ်များ၊ ငွေရှင် ကြေးရှင် လယ်ပိုင် မြေပိုင်ရှင်များ၊ ဈေးသည် ဆိုင်သည် ငယ်များနှင့် သဘော်ာဆိပ် ရထားဘူတာစသည်တို့၌ ကုန်တင်ကုန်ချ အလုပ်ကြမ်းသမားများစသည်ဖြင့် အမျိုးမျိုး ကွဲပြားကြသည်၊ ယင်းသို့ အမျိုးမျိုး ကွဲပြားမှုရှိသည့်အနက် အစိုးရအရာရှိ ကြီးငယ်များမှာ အင်္ဂလိပ်လူမျိုးများ ဥရောပသားများ၊ ဥရောပအာရှကပြားများနှင့် အိန္ဒိယသားတို့ဖြစ်ကြသည်၊ တိုင်းရင်းသားဟူ၍ စာရေးစာချီ၊ ပုလိပ်၊ လက်ထောက်ကျောင်းဆရာ၊ မြေတိုင်းစာရေး၊ အခွန်စာရေးမျှသာ အနည်းငယ်ရှိသည်။ ထိုစဉ်က တိုင်းရင်းသားများထဲမှ မြို့အုပ်မြို့ပိုင်နှင့် မြို့နယ်ရာဇ၀တ်တရားသူကြီးဖြစ်သူများလည်း ရှိပေပြီ၊ သို့သော် အလွန်နည်းပါးသေးသည်၊ စာရင်းအရသော် ၁၈၈၁-ခုနှစ်က တိုင်းရင်းသားမြို့အုပ်မြို့ပိုင် ၁၂၁-ယောက် ရှိသည်။ လစာနှုန်းထားအားဖြင့် တလလျှင် ၁၀၀-ကျပ်အောက်လျော့သူနှင့် ၁၀၀-ကျပ်မှ ၂၀၀-ကျပ်ထိ ရကြသူများဖြစ်သည်၊ ထိုနှစ်က မြန်မာအမျိုးသားထဲမှ အင်္ဂလန်တွင် သွားရောက်ပညာဆည်းပူးခဲ့သူ မောင်ဘ၀မ်ဆိုသူအား တရားဌာနမင်းကြီး၏ သဘောတူ ထောက်ခံချက်အရ နိုင်ငံ၀န်ထမ်းအဖြစ် ပထမဆုံးအကြိမ် စမ်းသပ်ခန့်ထားခဲ့လေသည်[၆]၊ ယင်းတိုင်းရင်းသား အစိုးရမှုထမ်း ကြီးငယ်တို့သည် ရွှေ့ပြောင်း ခန့်ထားရာအရပ်ဒေသတို့သို့ သွားရောက်အမှုထမ်းကြရသူများဖြစ်၍ ရောက်ရှိရာမြို့ကြီးမြို့ငယ်များ၌ နိုင်ငံခြားသားများနှင့်မခြား ဧည့်သည်အလား ရှိနေကြလေသည်။

ကုန်သည် ပွဲစားကြီးများမှာလည်း ဥရောပသား၊ တရုတ်၊ ကုလား နိုင်ငံခြားသားများသာဖြစ်ကြသည်၊ ရန်ကုန်မြို့ပေါ်တွင် အများဆုံးနေထိုင်၍ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေဆိပ်ကမ်းမြို့များနှင့် ရောင်းရေး၀ယ်တာအကွက်အကွင်း သင့်ရာ ကုန်းတွင်းမြို့များ၌ ကိုယ်စားလှယ်များ ဆိုင်ခွဲများ ဖွင့်လှစ်ထားရှိကာ မြန်မာ့ သွင်းကုန်ထုတ်ကုန်များကို ပြည်တွင်း ပြည်ပ လက်ကား ဖြန့်ဖြူးရောင်းချလျက် စီးပွါးရေးကို ချုပ်ကိုင် လုပ်ဆောင်လျက် ရှိကြလေသည်။ မြို့နေ တိုင်းရင်းသား ကုန်သည်ပွဲစားအနည်းငယ်တို့က ယင်းနိုင်ငံခြားသား ကုန်သည်ကြီးတို့၏ လက်၀ေခံ၍ လုပ်ကိုင်ကြရလေသည်၊ မြို့နေတိုင်းရင်းသား မြေပိုင်ရှင် လယ်ပိုင်ရှင် ကြေးရေတတ်တို့သည်လည်း များသောအားဖြင့် မိမိဇာတိရပ်ရွာကို

စွန့်ခွါ၍ အသက်စည်းစိမ် အိုးအိမ်အတွက် ပိုမိုစိတ်ချရသည့် မြို့ကြီးမြို့ငယ်များသို့ ပြောင်းရွှေ့ခိုလှုံလာကြသူများသာ ဖြစ်ကြသည်၊ အသက်မွေးဝမ်းကျောင်းအဖြစ် ငွေတိုးချခြင်း လယ်ငှါးချခြင်းများကို မြို့ပေါ်မှနေ၍ လုပ်ဆောင်ကြသည်၊ ယင်း ငွေတိုးချခြင်းအလုပ်ကို အိန္ဒိယသား ချစ်တီးယားများကလည်း အများအပြား လုပ်ဆောင်ကြသည်၊ ဗြိတိသျှမြန်မာနိုင်ငံတွင် ဆန်စပါးကို စီးပွါးဖြစ်ရောင်းရန် စိုက်ပျိုးကြသောကြောင့် ကျွန်းတော ကိုင်းတောကြီးများကို ခုတ်ထွင်၍ရင်း၊ နုံးပြင်လတာပြင်များကို ဆည်ဖို့၍ရင်း၊ မြေရိုင်း မြေလွတ်များကို စပါးခင်းအဖြစ် တီထွင်ခဲ့ကြရာ လိုအပ်သော ငွေကြေးအရင်းအနှီးကို တိုင်းရင်းသား ငွေရှင်ကြေးရှင်များနှင့် ချစ်တီးယားတို့ထံမှ အတိုးကြီးပေးကာ ချေးယူကြရသည်၊ ဆန်စပါးရောင်းဝယ်ရေး တိုးတက်သည်နှင့်အမျှ ငွေတိုးချသည့် လုပ်ငန်း ဖွံ့ဖြိုးသည်ဖြစ်၍ ၁၈၈၀-ခုနှစ်နောက်ပိုင်းတွင် ဗြိတိသျှမြန်မာနိုင်ငံသို့ မဒရပ်ကမ်းခြေမှ ချစ်တီးယားအများအပြားရောက်ရှိလာကာ ရန်ကုန်မြို့၊ မော်လမြိုင်မြို့နှင့် မြစ်ဝကျွန်းပေါ် ဒေသမြို့ကြီးများတွင် နေထိုင်လျက်ရှိကြလေသည်။

ကုန်စိမ်း ကုန်ခြောက်၊ အထည်အဝတ် လက်လီ အရောင်းအဝယ် ဈေးသည် ဆိုင်သည်များမှာလည်း တရုတ်၊ ကုလား အမျိုးသားတို့များ၍ တိုင်းရင်းသားထဲမှ အနည်းငယ်သာ ရှိလေသည်၊ ထို့အတူ ကုန်တင်ကုန်ချ၊ လမ်းဖောက် တံတားဆောက် စသည့်အလုပ်ကြမ်းသမားများမှာလည်း အိန္ဒိယ သား များ ပင် ဖြစ်သည်[၇]၊ ယင်း အလုပ်ကြမ်းသမား ကူလီများသည် နှစ်စဉ် အထူးသဖြင့် ဆန်စပါးစိုက်ချိန် ရိတ်သိမ်းချိန်များ၌ အိန္ဒိယမှ အလုံးအရင်းနှင့် လာရောက်၍ အလုပ်သိမ်းချိန်၌ စုဆောင်းမိသမျှ အခကြေးငွေကို ပိုက်ကာ အိမ်ပြန်ကြသူများ ဖြစ်သည်၊ သို့သော် အလုပ်အကိုင်ပေါများ၍ အစားအနေ ချောင်လည်ခြင်း၊ အစိုးရ၏ ကူညီအားပေးမှုကို ရရှိခြင်းတို့ကြောင့် နှစ်စဉ် ဝင်ရောက်လာသူနှင့် ရောက်ရာမြို့ရွာများ၌ အတည်တကျ လုပ်ကိုင်နေထိုင်ရစ်ခဲ့သူများ တနှစ်ထက် တနှစ် များပြားလာခဲ့လေသည်၊ ၁၈၈၀-ခုနှစ် မတိုင်မီက ယင်းကူလီအလုပ်သမား တနှစ်လျှင် ၁၆၀၀၀-ခန့်သာ အဝင်အထွက်ရှိခဲ့သော်လည်း ၁၈၈၂-ခုမှ ၁၈၈၄-ခုနှစ်အတွင်း သင်္ဘောကုမ္ပဏီများက သင်္ဘောခကို ကာလကတ္တားမှ ကူးတို့စီးတဦးလျှင် ၁၈-ကျပ်နှုန်းမှ ၅-ကျပ်နှုန်းသို့ရင်း၊ မဒရပ်ကူးတို့စီး တဦးလျှင် ၂၅-ကျပ်မှ ၁၀-ကျပ် နှုန်းသို့ရင်း လျှော့ချခဲ့သဖြင့် အိန္ဒိယမှ ဝင်လာသူဦးရေ များစွာ တိုးတက် ခဲ့သည်။ ယင်းသို့ သင်္ဘောခ လျှော့ချစေရန် ဗြိတိသျှ မြန်မာနိုင်ငံ အစိုးရက သင်္ဘောကုမ္ပဏီသို့ ကာလကတ္တား ကူးတို့စီး တဦးအတွက် ၁-ကျပ် ၈-ပဲ၊ မဒရပ် ကူးတို့စီး တဦးအတွက် ၂-ကျပ် ၈-ပဲ ထောက်ပံ့ကြေး ပေးလေသည်[၈]၊ သို့နှင့် ၁၈၈၅-၆-ခုနှစ်က ယင်း အလုပ်သမား လူတန်းစားမျိုး ၅၆၀၉၅-ယောက် အိန္ဒိယမှ ဝင်ခဲ့၍ ၅၀၆၂၄-ယောက်သာ အလုပ်သိမ်းချိန်၌ ပြန်ထွက်ခဲ့သဖြင့် ဗြိတိသျှမြန်မာနိုင်ငံတွင်အိန္ဒိယသားဦးရေ တနှစ်အတွင်း ၅၅၀၀ အတင် ရှိနေခဲ့လေသည်[၉]၊ ယင်းတို့အနက် အများစုမှာ ရန်ကုန်၊စစ်တွေစသည့် ဆိပ်ကမ်းများတွင် နေထိုင်ကြ၍ ကူးသန်း ရောင်းဝယ်ရေး တိုးတက်သည်နှင့် အမျှ လုပ်သားအင်အား ပိုမိုလိုလာသည့် ကုန်တင်ကုန်ချလုပ်ငန်းများ၊ ဆန်စက် သစ်စက်များတွင် ဝင်ရောက်လုပ်ကိုင်နေကြလေသည်၊ အချို့ မဒရာစီများမှာမူ မြို့ကြီးများ၌ မြင်းရထားမောင်းသမားအဖြစ် အခြေတကျ အသက်မွေးကြလေသည်၊ ထို့ကြောင့် နေထိုင်ရာဌာနဒေသကို လိုက်၍ မြို့နေလူတန်းစားဟု သတ်မှတ်ရသည့် သူများမှာ အလုပ်အကိုင်အားဖြင့်ရင်း၊ မျိုးနွယ်အားဖြင့်ရင်း အမျိုးမျိုး အစားစား ကွဲပြားနေသူများသာ ဖြစ်လျက် မြို့များမှာလည်း ယင်းဌာနေ မဟုတ်သူများ အသက်မွေးဝမ်းကျောင်းအတွက် စုပေါင်း နေကြရာ စီးပွါးရေးရပ်ကွက်များသာ ဖြစ်ကြလေသည်။

စီးပွါးရေးစံနစ်သည် လူနေမှုစံနစ်နှင့် လူ့ဆက်ဆံရေးစံနစ်တို့ကို ပုံပြင်ဖန်တီးသည်ဖြစ်၍ အရင်းရှင်စီးပွါးရေးစံနစ် ထွန်းပနေပြီဖြစ်သော ဗြိတိသျှ မြန်မာနိုင်ငံ၏ လူမှုရေးနှင့် လူ့ဆက်ဆံရေးစံနစ်တို့မှာလည်း ရှေးနှင့်မတူ တမူကွဲခဲ့ပြီ ဖြစ်လေသည်၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စီးပွါးရေးစံနစ်သစ်အရ ပေါ်ပေါက်လာသည့် မြို့နေ လူတန်းစားမှာ ရေကြည်ရာ မြက်နုရာ လာရောက် စုဝေးနေထိုင်ကြသူ ညှော်သည် အမျိုးမျိုးများသာ ဖြစ်ကြ၍ တဦးနှင့်တဦး ဆက်ဆံ

ရေးမှာ ရှေးရိုးအစဉ်အလာအတိုင်း သွေးချင်း သားချင်း တမြေတည်းနေ တရေတည်းသောက် ချင်းဟူသော ခင်မင်ရင်းနှီးမှုစိတ်ထား စေတနာအရင်းခံနှင့် မဟုတ်မူ၍ အလုပ် ဝတ္တရားအရ စီးပွါးရေး အလုပ်အဆောင်အရ ဆက်ဆံရေးသာ ဖြစ်လေသည်၊ ဤတွင် အကျိုးစီးပွါးတူ အကြောင်းအပေါင်းသင့်သူ အချင်းချင်းသာ စုစည်းလျက် ကျန်လူများနှင့်သော် ဆက်သွယ်မှုမရှိ သီးသီးခြားခြား တစိမ်းပြင်ပြင် ရှိနေကြပေသည်၊ ထို့ထက် အကြံတူ ရန်သူ ဟူသည့်အတိုင်း စီးပွါးရေးလုပ်ဆောင်မှု တူသူပုဂ္ဂိုလ်များ အဖွဲ့များမှာ တဦးနှင့်တဦး တဖွဲ့နှင့်တဖွဲ့ စီးပွါးရေးပြိုင်ဆိုင်မှုများ၊ အကျိုးစီးပွါး ဆန့်ကျင်မှုများကြောင့် အပေါ်ယံအားဖြင့် မထင်ရှားစေကာမူ အတွင်းသဘောအားဖြင့် မဖြောင့်မစင်း မသင့်မတင့်မှုများလည်း ရှိကြလေသည်၊ သို့ဖြစ်၍ ယင်းမြို့နေလူတန်းစားများ တဦးနှင့်တဦး တဖွဲ့နှင့်တဖွဲ့ ဆက်ဆံရေးပြေပြစ်မှုကို အစိုးရ၏ ဥပဒေပြဋ္ဌာန်းချက်များက ထိန်းချုပ်ပေးရလေသည်၊ ရှေးယခင်ကကဲ့သို့ ကြီးသည့်အမှု ငယ်အောင် ငယ်သည့်အမှု ပလပ်အောင် ဖြေရှင်းခြင်းနှင့် ဖြေရှင်းပေးနိုင်သူများလည်း အုပ်ချုပ်ရေး စံနစ်သစ်အရ မရှိနိုင်တော့ချေ။ ထို့အတူ မြို့ကြီး မြို့ငယ်တို့၌ လူဦးရေများခြင်း၊ မျိုးနွယ်ကွဲများ၊ ဘာသာအယူ မတူသူများ၊ ဧည့်သည်များ စုပေါင်းနေခြင်းတို့ကြောင့် ရှေးမြန်မာ့အစဉ်အလာ ရပ်ရွာစည်းလုံးခြင်းမျိုး မရှိတော့ဘဲ ရွာဦးဘုန်းကြီးကျောင်းနှင့် ယင်းကျောင်း၏ ဩဇာတိက္ကမ စူးရှထိရောက်မှုမျိုးလည်း ကင်းခဲ့ပြီ ဖြစ်လေသည်။

ဗြိတိသျှမြန်မာနိုင်ငံတွင် မြို့ကြီး မြို့ငယ်များရှိ တိုင်းရင်းသား လခစား ကြေးရေတတ်နှင့် ကုန်သည် ပွဲစား ဈေးသည် ဆိုင်သည်ငယ်တို့၏ ၁၈၈၅-၆-ခုနှစ်က စားဝတ် နေရေးမှာ ရှေးထုံးစဉ်လာ ရိုးရာလည်း မပျက် နိုင်ငံခြား လွှမ်းမိုးမှု အငွေ့အသက်များလည်း ရောစွက်လျက် ရှိနေပြီဟု ဆိုရမည်ဖြစ်ပါသည်၊ ၁၈၈၅-ခုနှစ်အတွင်းက ဗြိတိသျှမြန်မာနိုင်ငံရှိ မြို့ပေါင်း ၂၀-တွင် အိမ်ခြေပေါင်း ၇၅၀၀၀-ခန့် ရှိမည်ဟု ခန့်မှန်းရပါသည် [၁၀]။ များစွာသော အိမ်တို့မှာ တိုင်းရင်းသားတို့ ဆောက်လုပ်မြဲ ပျဉ်အိမ် ဝါးအိမ်များ ဖြစ်ကြသည်၊ သို့သော် မြန်မာဘုရင်အစိုးရလက်ထက်မှာကဲ့သို့ အစီးအနင်းအဆောင်အရွက်ကို သတ်မှတ်ပြဋ္ဌာန်းချက် မရှိရကား မြို့ကြီးများနေ တိုင်းရင်းသား ငွေရှင် ကြေးရှင်များသည် မိမိတို့အင်ခွင်ဥစ္စာအလိုက် အိမ်ကြီးအိမ်ကောင်းများ ဆောက်လုပ်နေထိုင်ကြပြီဖြစ်သည်။ ယင်းအိမ်ကြီးများမှာ များသောအားဖြင့် ရှေး ထီးမူနန်းဟန်တွင် နိုင်ငံခြားသွင်ပြင်များ ရောစွက်ထားသည့် ပျဉ်စိပျဉ်ကာ အိမ်ကြီးများ ဖြစ်ကြလေသည်၊ ယင်းအိမ်ကြီးမျိုးများကို ရန်ကုန်နှင့် မော်လမြိုင်မြို့တို့၌ အများဆုံး စတင်ဆောက်လုပ်နေထိုင်ကြကြောင်း တွေ့ရလေသည်။ စီးပွါးရေးတိုးတက်ကောင်းမွန်လျက်ရှိသော နိုင်ငံခြားသားများကမူ တိုက်အိမ်များ ဆောက်လုပ်နေထိုင်ကြ၍ ၁၈၈၁-ခုနှစ်က ဗြိတိသျှမြန်မာနိုင်ငံ မြို့ကြီးမြို့ငယ်များတွင် စုစုပေါင်းတိုက်အိမ် ၂၃၅၈-လုံးရှိသည်ဟု ဆိုပါသည်။ ယင်းတိုက်အိမ်များမှာ တရုတ်၊ ကုလား အမျိုးသားတို့ပိုင်ဖြစ်၍ ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့တို့တွင် အများဆုံးရှိခဲ့လေသည် [၁၁]။ ထိုစဉ်က မြို့ကြီးများနေ မွန်၊ မြန်မာ၊ ရခိုင်စသည့် တိုင်းရင်းသား ကြေးရေတတ်တို့မှာ မိမိတို့ မိရိုးဖလာ အစားအသောက်များသာမက နိုင်ငံခြားထွက် စည်သွတ်အစားအစာများကိုလည်း စားသုံး၍ နိုင်ငံခြားအရက်ကိုလည်း သောက်သုံးဘူးကြပြီ ဖြစ်လေသည်၊ ထို့အတူ မိမိတို့ အိမ်တွင်းဖြစ် ပြည်တွင်းဖြစ် ပိုးထည် ချည်ထည်များထက် နိုင်ငံခြားမှ တင်သွင်းသည့် ပိုးဖဲရက်ထည်ပွင့်စုံ ရောင်စုံများကို အမြတ်တနိုး ဆင်မြန်းနေကြပြီ ဖြစ်လေသည်၊ သတ်မှတ်ချုပ်ချယ်မှု မရှိဘဲ မိမိအင်ခွင်ဥစ္စာအလိုက် စိတ်တိုင်းကျ နေထိုင်စားသောက်ဝတ်ဆင်နိုင်ကြသဖြင့်မြို့နေတိုင်းရင်းသားကြေးရေတတ်များမှာ မြန်မာဘုရင်အစိုးရ လက်အောက်မှာထက် ပိုမိုပွင့်လန်းကြသည်၊ ထို့ပြင် ငွေကြေးတတ်နိုင်ခြင်း၊ မြို့ပေါ်တွင် နေထိုင်၍ အခွင့်အလမ်းသာခြင်းတို့ကြောင့် မိမိတို့ သားသမီးများကို ခေတ်ပေါ် စာသင်ကျောင်းများတွင် အပ်နှံကာ ခေတ်ပညာကို သင်ယူစေနိုင်လျက် ရှိကြလေသည်၊ အစိုးရမှုထမ်း ရာထမ်း လခစား တိုင်းရင်းသားတို့မှာ ဗြိတိသျှအစိုးရ၏ ဘုန်းရိပ်ကို ခိုလှုံလျက် နိုင်ငံခြားသား အထက်အရာရှိကြီးများကို ဘုရားထူး ဒူးတုပ်၍ မိမိတို့ကိုယ်တိုင်ကလည်း လက်အောက်ငယ်သား ရပ်သူရွာသား တောသူတောင်သားများ အပေါ် ဘုရားထူးခံ ရှိခိုးခံကာ မြန်မာဘုရင့် ဝန်ကြီး

မှူးကြီး မှူးထမ်းကြီးငယ်များကဲ့သို့ပင် ပြုမူနေထိုင်ကြလေသည်၊ ဗြိတိသျှသခင်သစ်ကို အထင်ကြီးသူတို့မှာ နိုင်ငံခြားအလေ့အထ၊ အသုံးအနှုန်း စားဝတ်နေထိုင်မှုတို့ကို အတုခိုးကြ စံပြုကြလေသည်၊ သားသမီးများကို မိမိကဲ့သို့ပင် လခစားဖြစ်စေရန် လခကြီး ရာထူးကြီးများကို ရနိုင်စေရန် အင်္ဂလိပ်ကျောင်း၊ အင်္ဂလိပ်မြန်မာနှစ်ဘာသာသင်ကျောင်းများ၌ တက်ရောက်၍ အလယ်တန်း အထက်တန်းပညာကို သင်ကြားစေရန် တတ်နိုင်သမျှ ကြိုးစားလျက် ရှိနေကြပြီ ဖြစ်လေသည်။

ဗြိတိသျှမြန်မာနိုင်ငံတွင် ၁၈၈၅-ခုနှစ်က စီရင်စု ၁၉-ခုအတွင်း ရွာကြီးရွာငယ်ပေါင်း ၁၅၀၀၀-ကျော်ရှိခဲ့သည်၊ ယင်းကျေးလက်တောရွာများတွင် နေထိုင်ကြသူများမှာ တိုင်းရင်းသား မွန်၊ မြန်မာ၊ ရခိုင်၊ ချင်း၊ ကရင်၊ ရှမ်းစသည်တို့သာ ဖြစ်ကြ၍ ထွန်ယက်စိုက်ပျိုးမှုဖြင့် အသက်မွေးကြသူများ ဖြစ်သည်၊ ဗြိတိသျှမြန်မာနိုင်ငံအတွင်း ယင်းကဲ့သို့ ထွန်ယက်စိုက်ပျိုးမှုဖြင့် အသက်မွေးသူဦးရေမှာ ၁၈၈၁-ခုနှစ်ကပင် ၂၅၆၂၀၇၀၊ သို့မဟုတ် လူဦးရေ၏ ၆၈.၅၆ ရာနှုန်းရှိခဲ့လေသည် [၁၂]။ ၁၈၈၅-ခုနှစ်တွင်မူ ထိုထက် ပိုမိုတိုးပွါးရှိပေမည်ဟု ယူဆရပါသည်၊ ယင်းတို့အနက် ဆန်စပါးစိုက်ပျိုးသူ လယ်သမားမှာ အများဆုံးဖြစ်၍ အချို့မှာ ကြံခင်း၊ ဆေးခင်းစသည် လုပ်ကိုင်သူများဖြစ်ကြသည်၊ သို့သော် ကြံခင်း၊ ဆေးခင်းလုပ်ကိုင်သူများလည်း များသောအားဖြင့် မိမိဝမ်းစာရရုံ ကိုယ်ပိုင် သို့မဟုတ် အငှါးလယ်တကွက် နှစ်ကွက် စသည်ဖြင့် ထွန်ကြစိုက်ကြ လေသည်၊ ရွာကြီးများနေ အချို့အရင်းအနှီးရှိသူ ချောင်လည်သူများသည် လယ်ယာလုပ်ခြင်းနှင့် လက်လီအရောင်းအဝယ်ပွဲတဲ့ကား အိမ်ဆိုင်ကလေးများ ဈေးဆိုင်ကလေးများ ဖွင့်လှစ်၍ ရွာသုံးပစ္စည်းကလေးများကို ငွေနှင့် ဆန်စပါးနှင့်ရောင်းချကြလေသည်၊ တရွာနှင့် တရွာ တနေရာမှတနေရာသို့ မြစ်ကြောင်း၊ကုန်းကြောင်း လှေ တက်၊ ပခုံးထမ်း၊ ဝန်တင်လှည်း၊ နွား၊ မီးရထားတို့ဖြင့် ကူးလူးရောင်းဝယ်ကြသည့် ဈေးသည် ကုန်သည်ကလေးများနှင့် ကုန်ပစ္စည်းတန်ချိန် တန်ဘိုးပမာဏမှာ လူဦးရေနှင့် မလိုက်အောင်ပင် တွင်ကျယ် သွက်လက်ရှိလှသည် [၁၃] ဟု ဆိုပါသည်။

ယင်းကျေးလက်တောရွာနေ လယ်ယာကိုင်းကျွန်းသမားများကား အထက်မြန်မာပြည်ကို နယ်ချဲ့တို့သိမ်းပိုက်လိုက်သည့်အချိန်က အထက်ရှိ သွေးချင်းသားချင်းများနှင့် အနေအစား အတွေးအခေါ် အယူအဆ ထူးခြားကွဲပြား ပြောင်းလဲခြင်း မရှိကြသေးချေ၊ ထိုစဉ်က ဗြိတိသျှမြန်မာနိုင်ငံရှိ ရွာကြီးရွာငယ်ပေါင်း ၁၅၀၀၀-ကျော်တွင် အိမ်ခြေပေါင်း ၆၅၀၀၀၀-ခန့်ရှိမည်ဟု ခန့်မှန်းရပါသည် [၁၄]။ ဗြိတိသျှတို့ စိုးမိုးမှုအောက်၌ မြန်မာဘုရင် အစိုးရလက်ထက်မှာကဲ့သို့ ချုပ်ချယ်ကန့်သတ်ချက်များ မရှိသော်လည်း တောလက်ကျေးရွာနေ မွန်၊ မြန်မာ၊ ရခိုင်၊ ကရင်၊ ချင်း၊ ရှမ်းတို့သည် ဆင်းရဲချမ်းသာမဟူ နေအိမ်များကို မိရိုးဖလာအတိုင်းပင် ဆောက်လုပ်နေထိုင်မြဲ နေထိုင်လျက် ရှိကြသည်။ များသောအားဖြင့် သက်ငယ်မိုး၊ ဓနိမိုး ဝါးအိမ်များ၊ တဲကြီး, တဲငယ်များသာ ဖြစ်ကြရကား ရွာသူ,ရွာသားတို့၏ ဆင်းရဲ,ချမ်းသာကို ယင်းနေအိမ်အဆောက်အအုံတို့ဖြင့် ခန့်မှန်းအကဲဖြတ်ရန် ခဲယဉ်းသည်၊ အမြင်အားဖြင့်သော် အလွန်ဆင်းရဲနွမ်းပါးနိမ့်ကျကြသကဲ့သို့ ရှိလေသည်၊ သို့သော် ဗြိတိသျှမြန်မာနိုင်ငံရှိ ကျေးလက် တောရွာနေ လယ်ယာကိုင်းကျွန်း သမားများမှာ များသောအားဖြင့် မရှိမရှား၊ ချောင်လည်ကြသည်၊ ဝမ်းစာလုံကြသည်၊ နေ့စဉ် ဝတ်ဆင်မြဲ မိမိအိမ်တွင်းဖြစ် ချည်ထည်အပြင် ပွဲလမ်းသမယတို့၌ ရွှန်းရွှန်းပပ ဆင်မြန်းရန် မိမိအိမ်တွင်းဖြစ် သို့မဟုတ် ပြည်တွင်းဖြစ် ပိုးထည်ဝတ်စုံ တစုံထက်မနည်း ရှိကြသည့် အိမ်ထောင်များလေသည်၊ မြို့နားနီးသည့် ရွာကြီး, ရွာငယ်များတွင်မူ နိုင်ငံခြားဖြစ် ပွင့်စုံ,ရောင်စုံ၊ ပိုးထည်,ဖဲထည်၊ သရက်ထည်များကိုပင် ဝယ်ယူဆင်မြန်းလျက် ရှိကြပြီဖြစ်လေသည်၊ တောသူ, တောင်သား လယ်ယာ ကိုင်းကျွန်းသမားများကား စီးပွါးရေးအရ ဆူကြုံနိမ့်မြင့် အဆင့်အတန်းမှာ တဦးနှင့် တဦး များစွာ မကွာလှကြချေ။ အလွန်ကြွယ်ဝချမ်းသာသူ မရှိသကဲ့သို့ ဆင်းရဲတော်ပြတ်လွန်းသူလည်း မရှိဖြစ်လေသည်။ ဆန်စပါးရောင်းဝယ်မှုတိုးတက်သည်နှင့်အမျှ ဝီရိယစိုက်ထုတ် ကြိုးကုတ် လုပ်ဆောင်ကြသူများ ဝင်ငွေပိုကြ၍ ရှေးကထက် ပိုမိုသုံးစား လှူဒါန်းနိုင်သည့် အခြေတွင် ရှိကြသည်ဟု ဆိုရပေမည်။

ဗြိတိသျှ မြန်မာနိုင်ငံတွင် စီးပွါးရေး စံနစ်သစ်အရ ဆန်စပါးကို စီးပွါးဖြစ် ရောင်းချရန် စိုက်ပျိုးကြသည်

တွင် ယင်း စီးပွါးရေးစံနစ်၏ လွှမ်းမိုး ပြုပြင်မှုကြောင့် လူနေမှုနှင့် လူ့ဆက်ဆံရေးတို့လည်း ရှေးနှင့်မတူ တမူ ပြောင်းခဲ့ပြီ ဖြစ်လေသည်၊ အိမ်သူ, အိမ်သား ၅-ယောက်မှ ၇-ယောက်ထိ ပျမ်းမျှ ပါဝင်မြဲဖြစ်သော လယ်သမား တအိမ်ထောင်သည် ရှေးယခင်အခါကကဲ့သို့ မိမိဓားမဦးချ သို့မဟုတ် ဘိုးဘပိုင် လယ်မြေ တတုံး ထွန် နှစ်တုံးထွန်ကို လုပ်ကိုင်၍ ဝမ်းစာလုံပြီဟု အေးချမ်းစွာ မနေနိုင်တော့ချေ၊ မြို့ကြီး, မြို့ငယ်,များနှင့် များစွာသော ရွာကြီးများတွင် စားသုံးသူ အချင်းချင်း ကုန်ပစ္စည်းဖလှယ်သည့် စီးပွါးရေးစံနစ် ကွယ်ပျောက်၍ အသပြာကို လဲလှယ်ရေး ကိရိယာအဖြစ် သုံးစွဲသည့် စခန်းသစ်သို့ ဆိုက်ရောက်နေပြီ ဖြစ်ရကား ရောင်းကုန် ထုတ်လုပ်ရေးမှာ များစွာအရေးပါ အရာရောက် လာခဲ့လေသည်၊ ထို့ကြောင့် လယ်သမားတို့သည် ဆန်စပါးကို ဝမ်းစာအတွက်သာမက အသပြာနှင့် ရောင်းချရန်လည်း စိုက်ပျိုးကြလေသည်၊ ယင်းသို့ စိုက်ပျိုး၍ ဝမ်းစာမှ ပိုလျှံသမျှကို အလွယ်တကူ ရောင်းချနိုင်ကြသည်၊ ရလာသည့် အသပြာနှင့် အလိုရှိသမျှ အဝတ်အစား အသုံးအဆောင် ဝယ်ယူနိုင်သည်၊ ယင်း အသပြာကို အလိုရှိသလို သုံးနိုင်သည်၊ လှူဒါန်း ပေးကမ်း နိုင်သည်၊ အရင်းအနှီးအဖြစ် ကျစ်ကျစ်လစ်လစ် သိုမှီးစုဆောင်းထားနိုင်သည်၊ ရှေးကကဲ့သို့ မိမိအိမ်ထောင်၏ စားဝတ်နေရေးအတွက် အလိုရှိသမျှကို မိမိတို့ ကိုယ်တိုင် ပြုပြင် ယက်လုပ်၍ရင်း၊ ပစ္စည်းချင်းလဲလှယ်၍ရင်း ယူရန်မလိုတော့ဘဲ အသပြာရှိက အလိုရှိရာ ပြည့်စုံပြီးမြောက်နိုင်သဖြင့် အသပြာမှာ အခယာဖြစ်လာကာ အသပြာရရေးကိုသာ ရှေးရှုလုပ်ဆောင်လာကြလေသည်။ ထို့ပြင် ဗြိတိသျှတို့ စိုးမိုးမှု အောက်၌ လယ်ခွန်,မြေခွန်,လူခွန် စသည်တို့ကို ကုန်ပစ္စည်းဖြင့် ပေးချေ၍မရဘဲ အသပြာဖြင့် ထမ်းဆောင်ကြရသဖြင့်လည်း အသပြာမှာ အရေးပါလျက် ရှိလေသည်၊ ထို့ကြောင့် လယ်သမားတို့သည် မိမိတို့ တအိမ်ထောင် လုပ်မြဲ,ထွန်မြဲထက် လယ်မြေကေပို၍ ထွန်ကြ, စိုက်ကြလေသည်၊ ယင်းသို့ ပိုမိုစိုက်ပျိုးရန်အတွက် မိမိလုပ်ခင်းနှင့် စပ်လျက်သော်ရင်း၊ တခြားတွင်သော်ရင်း မြေရိုင်း, မြေလွတ်များကို ခုတ်ထွင်ရှင်းလင်း၍ လယ်တီနိုင်သည်၊ ယင်းသို့ လယ်တီရာ၌ ထူးထူးထွေထွေ ပြဿနာမရှိချေ။ မိမိ တိုးချဲ့တီထွင် လုပ်ဆောင်မှုကို ရွာသူကြီးထံ တိုင်ကြားစာရင်းပေးမှတ်၍ လုပ်ဆောင်နိုင်သည့်ပြင် ယင်း တီထွင်သည့် လယ်မြေမှာ ရှေးယခင် မြန်မာ့ရိုးရာ နည်းစံနစ်ပေါ်တွင် မူတည်ပြဋ္ဌာန်းထားသည့် ၁၈၇၆-ခုနှစ် လယ်ယာမြေနှင့် အခွန်တော်အက်ဥပဒေအရ မပျက်မကွက် ၁၂-နှစ် အခွန် ထမ်းဆောင်ပြီးပါက မိမိပိုင် ဖြစ်လာလေသည်[၁၅]၊ ထို့ပြင် ကျွန်းတော, ကိုင်းတော မြေရိုင်းများကို အစိုးရထံမှ တဦးလျှင် ဧက ၅၀-ထိ ပတ္တာခံကာ ခုတ်ထွင်ရှင်းလင်း၍ လယ်တည်နိုင်ကြသည်၊ မြေရိုင်းများကို ပတ္တာခံယူရာ၌ ပထမ ခုတ်ထွင်ရှင်းလင်းရဆဲ အနည်းဆုံး သုံးနှစ်ခန့် အခွန်လွတ်ငြိမ်းခွင့် ရကြလေသည်[၁၆]၊ ယင်းသို့ တီထွင် တိုးချဲ့ခြင်းမပြုဘဲ တပါးသူပိုင် လယ်မြေကို ငှါးယူလုပ်ဆောင်ကြခြင်းလည်း ရှိလေသည်၊ မိမိ တအိမ်ထောင် လုပ်အင် လုပ်အားထက် ပိုမိုစိုက်ပျိုး လုပ်ဆောင်ကြသည့်တွင် လုပ်ငန်းပြီးမြောက်ရန် လယ်ထွန်သား၊ ကောက်စိုက်သား၊ ကောက်ရိတ်သား စသည်ဖြင့် အခကြေးငွေ သို့မဟုတ် စပါးပေး၍ အလုပ်သမားငှါးရမ်းကြရ လေသည်၊ လယ် တီထွင်ရန်နှင့် ပိုမိုစိုက်ပျိုးရန် ကျွဲ, နွား, ထွန်တုံး, ထွန်းတံ, အလုပ်သမား စသည်တို့အတွက် အရင်းအနှီးကိုမူ မြို့များနှင့် ရွာကြီးများနေ တိုင်းရင်းသား ငွေရှင်, ကြေးရှင်၊ ကုန်သည် ပွဲစား သို့မဟုတ် ချစ်တီးယားများထံမှ အတိုးကြီးပေး၍ ချေးငှါးကြရသည်၊ သို့နှင့် အောက်မြန်မာပြည်တွင် ဆန်စပါးကို ရောင်းကုန်အဖြစ် စိုက်ပျိုးလာကြရာတွင် လယ်ယာ လုပ်ဆောင်မှုနှင့် ပတ်သက်၍ လယ်သမား လောကတွင် ရှေးကကဲ့သို့ လယ်သမား တမျိုးတစားတည်း မဟုတ်တော့ဘဲ လယ်ပိုင်ရှင်၊ လယ်ငှါး၊ လယ်သူရင်းငှါး၊ လယ်ကူလီဟု အတန်းအစား ကွဲပြားမှု ရှိလာလေသည်။

လယ်သမားလောကရှိ ယင်းလူတန်းစားအသီးသီးတို့၏ တဦးနှင့် တဦး ဆက်ဆံရေးမှာလည်း အလုပ်အဆောင်ပေါ် မူတည်၍ အမြတ်အစွန်းရမှုကို ပဓာနပြုသော ဆက်ဆံရေးသာဖြစ်ရကား တဦးပေါ် တဦး အညှန့်ခူး ခေါင်းပုံဖြတ်လျက် နိုင်ထက်စီးနင်းရှိလာကြသည်၊ ငွေတိုးချသူ မြို့ရှင်များသည် လယ်သမားနှင့် လယ်ယာ၏ အခြေအနေကို လုံးဝထည့်သွင်းစဉ်းစားခြင်းမရှိ၊ အမြင့်မားဆုံးသော အတိုးနှုန်းရရန်ကိုသာ အာရုံပြုသည်၊ အချိန်တန်၍ ထုတ်ချေးသော ငွေကို

ပြန်လည်မပေးဆပ်နိုင်သော် ကြွေးနှင့် ခုနှိမ်ကာ လယ်မြေကို သိမ်းယူရန် အသင့်ဖြစ်သည်၊ ထို့အတူ လယ်ပိုင်ရှင်များကလည်း သီးစားခ အများဆုံးရမှုကိုသာ ရှေ့ရှုသဖြင့် လယ်ငှါးလုပ်ကိုင်ရသူများမှာ လယ်ပိုင်ရှင် ပြုသမျှ နုရသည့်ဘဝတွင် ရှိနေလေသည်၊ လယ်ရှင်နှင့် လယ်ငှါးမှာ ရှေးယခင်ကကဲ့သို့ ဆွေမျိုးသားချင်းများ သားသမက်နှင့် ယောက္ခမ မိဘများ စသည်တို့သာ မဟုတ်ကြတော့ဘဲ "လယ်နှီး လယ်ခစား"[၁၇] သည့် တစိမ်းတရံဆံတို့၏ လယ်မြေများကို ငှါးရမ်းလုပ်ကိုင် ရသူ များလာခဲ့သည်၊ ထို့ပြင် မိမိကိုယ်ပိုင်ရှိသည်ထက် ပိုမိုလုပ်ကိုင်လို၍ ငှါးရမ်းသည်ထက် လယ်မြေပိုင်မရှိ၍ ငှါးရမ်းလုပ်ရသူက တနှစ်ထက်ဘနှစ် ပိုမိုများပြားလာသည်[၁၈]တွင် လယ်ငှါးများမှာ သူ့ထက်ငါဦး အလုအယက် လယ်ရှင်အကြိုက် လိုက်၍ သီးစားခနှုန်းကို သတ်မှတ်ကြရလေသည်၊ သို့နှင့် ၁၈၈၄-၅-ခုနှစ်ခန့်က ပင် လယ်ခွန်နှင့် လယ်ထွက်၏ ၁၀-ပုံ ၁-ပုံ ဟူသော ရှေးအစဉ်အလာ သီးစားခ နှုန်းထားမှာ ပျက်စီး ပျောက်ကွယ်လုမတတ် ရှိနေလျက် သီးစားခနှုန်းကို လယ်ရှင်အကြိုက် လယ်မစိုက်မီကပင် တင်ကြိုသတ်မှတ် နေကြရပြီ ဖြစ်လေသည်[၁၉]၊ အကြောင်းကြောင်း ကြောင့် လယ်ထွက်အလျော့အပါး အပျက်အစီး မည်သို့ပင် ရှိစေကာမူ လယ်ရှင်တို့သည် တင်ကြိုသတ်မှတ်ထားသည့်နှုန်းအတိုင်း အလျှော့အပေါ့ အသက်အညှာ မရှိ တင်းပြည့်ကျပ်ပြည့် သိမ်းယူကြသည်၊ အချို့နယ်မြေဒေသတို့တွင် လယ်ရှင်များသည် လယ်ထွက်ငါးပုံတပုံ သီးစားခကိုဒင်း လယ်ထွက်စပါးကို မယူဘဲ ငွေအသပြာကိုဒင်း လယ်ငှါးခအဖြစ် တောင်းခံချက်ပင် ရှိနေကြပြီဖြစ်လေသည်[၂၀]၊ ထို့ပြင် လယ်ပိုင်ရှင်များသည် မိမိပိုင် လယ်အပွဲပွဲကို မိမိနှစ်ခြိုက်သူကိုမှ ရွေး၍ အငှါးချနိုင်သည်၊ မလိုသူကိုဖြုတ်၍ လိုသူသို့ ပြောင်းလဲငှါးနိုင်သဖြင့် ဤလယ်ရှင်နှင့် ဤလယ်ငှါးဟု အစဉ်တွဲစပ်မနေဘဲ ရံဖန်ရံခါ နှစ်စဉ်ပင် ပြောင်းလဲမှုရှိနေလေသည်၊ သို့နှင့် လယ်ငှါးများမှာ မိမိငှါးရမ်းလုပ်ကိုင်နေသည့်လယ်ကို နောက်နှစ် ဆက်လက် လုပ်ကိုင်ရမည်ဟု စိတ်ချရမှုမရှိသဖြင့် လယ်ငှါးရရေးအတွက် အစဉ် စိတ်မအေးရဘဲ ရှိနေကြရလေသည်။

ယင်းကဲ့သို့ လယ်ပိုင်ရှင်၊ လယ်ငှါး၊ လယ်သူရင်းငှါး၊ လယ်ကူလီ စသည်ဖြင့် အဆင့်အတန်း ကွဲပြားမှုမှာ တသမတ်တည်း ဘောင်သတ်၍ တည်နေသည်မဟုတ်ချေ၊ လယ်ပိုင် ယာပိုင်ရှင် လယ်သမားသည်လည်း အကြောင်းကြောင်းတို့ကြောင့် တင်ရှိသည့် ကြွေးမြီ မပြေမလည်နိုင်ဖြစ်ကာ မြီရှင်သို့ မိမိပိုင်လယ်ကို ကြွေးနှင့် ခုနှိမ်ပေးအပ်ရခြင်း, ရောင်းချလိုက်ရခြင်းတို့ကြောင့် လယ်မြေ လက်လွတ်လျက် လယ်ငှါးဘဝသို့ လျှောကျသွားသည်လည်း ရှိလေသည်၊ ထို့အတူ လယ်ငှါးများ၊ လယ်သူရင်းငှါး၊ လယ်ကူလီများသည် မိမိကိုယ်တိုင် မြေရိုင်းမြေလွတ်များကို ခုတ်ထွင်၍ဒင်း၊ စုဆောင်းမိသမျှကြေးငွေ၊ ချေးငွေများများနှင့် လယ်မြေ ဝယ်ယူ၍ လယ်ပိုင်ဘဝသို့ဒင်း၊ သီးစားခပေးကာ ငှါးရမ်းလုပ်ဆောင်သည့် လယ်ငှါးဘဝသို့ဒင်း၊ တဆင့်တက်မှုများလည်း ရှိလေသည်။ သို့နှင့် လယ်ပိုင်၊ လယ်ငှါး၊ လယ်ကူလီအတန်းအစားမှာ အတိုးအဆုတ် အပြောင်းအလဲ အယှက်အတင် အစဉ်ရှိနေပေသည်။

များစွာသော လယ်ကူလီများမှာ အထက်မြန်မာပြည်သားများနှင့် ရခိုင်ပြည် စစ်တွေ စီရင်စုတွင်မူ စစ်တကောင်းသားများဖြစ်ကြ၍ လယ်စိုက်ချိန်ရိတ်ချိန်များတွင် အလုံးအရင်းနှင့် ရောက်လာကြသည့်အိမ်ခြေယာခြေမဲ့ ဧည့်သည်များ ဖြစ်ကြလေသည်၊ ဗြိတိသျှမြန်မာနိုင်ငံ၏ ဆန်စပါး စိုက်ပျိုးရေးမှာ လုပ်ခင်းနှင့် လုပ်အားမမျှဘဲရှိနေသဖြင့် အထူးသဖြင့် ကောက်ရိတ်သိမ်းချိန်ဝယ် တပြိုင်နက်တည်းလိုလိုပင် ရွှေရောင်ဝင်းလာသည့် လယ်ခင်းများကို ရက် ၂၀-ခန့် အတွင်း အချိန်မလင့်စေဘဲ ရိတ်သိမ်းကြရသည်ဖြစ်၍ လုပ်အား ပိုမို လိုလေသည်၊ သို့နှင့် နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလ လောက်တွင်အထက်မြန်မာပြည်မှအောက်ပြည်အောက်ရွာသို့ငွေစရှာလာသူများအထူးများပြားခဲ့လေသည်[၂၁]၊ စာရင်းအတိအကျ ဖော်ပြနိုင်ရန် ခဲယဉ်းသော်လည်း ၁၈၈၅-ခုနှစ်က ဟံသာဝတီ၊ ပဲခူးနှင့် သာယာဝတီနယ်တို့သို့ ၁၄၀၀၀-ခန့် အဝင်ရှိသည်ဟု ခန့်မှန်းလေသည်[၂၂]၊ ယင်း အလုပ်သမားများကား အလုပ်သိမ်းချိန်ဝယ် စုဆောင်းရမိသမျှကလေးကို ပိုက်၍ အိမ်ပြန်ကြသည်လည်းရှိသည်၊ အလုပ်အကိုင်ပေါများ၍ အနေအစားချောင်သည်နှင့် အောက်ပြည်အောက်ရွာတွင် အခြေတကျ နေထိုင် လုပ်ကိုင် စားသောက်သူများလည်း ရှိလေသည်၊ ယင်းသို့ ရေကြည်ရာ မြက်နုရာ အောက်အရပ်သို့ ရွှေ့ပြောင်းလာကာ လယ်ကူလီဘဝမှ စ၍

အရင်းအနှီး စုဆောင်းချေးငှါးလျက် မြေရိုင်း မြေလွတ်များကို ခုတ်ထွင်ရှင်းလင်း၍ ဆင်းရဲပင်ပန်းခံကာ လယ်မြေတီထွင် အခြေတကျ ရှိနေသူ အထက်မြန်မာပြည်သူ ပြည်သားများမှာ ၁၈၈၁-ခုနှစ်ကပင် ၃၁၆၀၁၈-ယောက် ရှိနေပြီဟု ဆိုပါသည်[၂၃]။ အိန္ဒိယပြည် မဒရပ်ကမ်းခြေမှ နှစ်စဉ်ဝင်ရောက်လာကြသည့် မဒရာစီများမှာ လွန်စွာခြိုးခြံ ချစ်ကုတ်စေးနဲ ဆင်းရဲပင်ပန်း ခံနိုင်ကြသူများ ဖြစ်၍ အောက်မြန်မာပြည် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် ၂-နှစ်ခန့် လယ်ကူလီ လုပ်ပြီးနောက် ကျွဲတရှဉ်း ဝယ်နိုင်အောင် စုဆောင်းမိကာ လယ်ငှါးအဖြစ် အခြေချနိုင်ကြသည်ဟု ဆိုသည်[၂၄]၊ လယ်တီထွင် လုပ်ကိုင်ကြသူ လယ်သမားများသည် မိမိ စတင် တီထွင်ရာ နယ်မြေဒေသတွင် အခြေတကျ ဖြစ်သွားသူလည်း ရှိသည်။ အရင်းအနှီး မ-တည်ရန် ချေးငှါးရသည့် ကြွေးမြီများကို မပေးဆပ်နိုင်သည်နှင့် မြီရှင်သို့ မိမိ တည်ထားသည့် လယ်မြေကို ကြွေးနှင့် ခုနှိမ်ရောင်းချကာ နေရာ ဒေသသစ်သို့ ပြောင်းရွှေ့၍ လယ်မြေသစ် တဖန် တီထွင်ပြန်သည်လည်း ရှိလေသည်၊ သို့နှင့် လယ်ပိုင် မြေပိုင် မရှိသူများသည် အတည်တကျ မရှိ၊ တရွာမပြောင်း သူကောင်းမဖြစ် ဟူသည့် ထုံးကို လက်သုံးပြု၍ တနေရာမှ တနေရာ၊ လယ်ရှင်တဦးထံမှ တဦး ကူးပြောင်းလုပ်ကိုင်ကြသည်လည်း ရှိလေသည်၊ ထို့ကြောင့် ကျေးလက်တောရွာများမှာ ရှေးယခင်အခါကကဲ့သို့ ဘေးဘိုးစဉ်ဆက် အတည်တကျ အတူနေထိုင်လာကြသည့် လယ်သမားဆွေမျိုးစု မိသားစု အဖွဲ့အစည်း မဟုတ်တော့ဘဲ သူဝင် ငါထွက် သူစိမ်းသူကျက် ရောယှက်နေသည့် လယ်ပိုင်၊ လယ်ငှါး၊ သူရင်းငှါး၊ လယ်ကူလီစသည့် လယ်လုပ်သူ အတန်းအစား အသီးသီးတို့၏ စုဝေးရာသာ ဖြစ်လာခဲ့လေသည်။

၁၈၈၅-၆-ခုနှစ်က ဗြိတိသျှမြန်မာနိုင်ငံရှိလယ်သမားတို့၏ဘဝကား ရှေးကထက် တိုးတက် ပြောင်လက်ကြွယ်ဝမှု မရှိစေကာမူ အထူးကျပ်တည်းဆင်းရဲနွမ်းပါးမှုလည်း မရှိလှချေ၊ သို့သော် လယ်သမားများမှာ ကြွေးမကင်း လယ်မြေ အပေါင်အနှံ အရောင်းအချ မကင်းကြပေ၊ ယေဘုယျအားဖြင့်သော် လယ်သမားတို့၏ စားဝတ်နေရေး အဆင့်အတန်းမှာ နိမ့်ကျသည်ဟုပင် ဆိုရပေမည်၊ ဆန်စပါးရောင်းဝယ်ရေး တိုးတက်သည်နှင့်အမျှ စိုက်ပျိုးခင်း တိုးချဲ့ကျယ်ပြန့်လာလျက် တိုင်းပြည့်စီးပွါးရေး ကောင်းမွန်ခဲ့သော်လည်း ဗြိတိသျှမြန်မာနိုင်ငံရှိ လယ်သမားများ၏ ဘဝမှာ ငွေတိုးကြီးစားသူ မြီရှင်၊ သီးစားခနှုန်း မတန်မဆ တိုးမြှင့်ယူလိုသည့် လယ်ပိုင်ရှင်နှင့် ဆန်စပါးကို ချုပ်ကိုင်ရောင်းဝယ်နေသည့် ကုန်သည်ပွဲစားကြီးငယ်တို့၏ အညှန့်ခူးခေါင်းပုံဖြတ်မှု ရှိနေသဖြင့် မိမိလုပ်အား စိုက်ထုတ်ကြိုးပမ်းသလောက် အကျိုးမခံစားရဘဲ ရှိနေလေသည်။

ထိုစဉ်ကပင် လယ်သမားများ ကြွေးမကင်းကြတော့ပေ။ လယ်မြေကို မိမိတအိမ်ထောင် လုပ်ဆောင်နိုင်သည်ထက် ပိုမိုလုပ်ဆောင်ကြသဖြင့် ၁၀၀-လျှင် ၅၀-မျှသော လယ်သမားတို့သည် ကျွဲ၊ နွား၊ ပေါက်တူး၊ ပေါက်ပြား၊ ထွန်တုံး ထွန်တံ လယ်ကရိယာနှင့် လယ်သူရင်းငှါး လယ်ကူလီစသည်တို့ ငှါးရမ်းရန်အတွက် မ-တည် အရင်းအနှီးကို ငွေကြေးရှင်များထံမှ အတိုးနှုန်းထား ကြီးစွာပေး၍ ချေးယူကြရလေသည်၊ အတိုးနှုန်းမှာ အလွန်ပင် မြင့်မားလှပါသည်၊ စိန် ရွှေပစ္စည်း အပေါင်နှင့်သော် ငွေ ၁၀၀-လျှင် ၁-လ ၂-ကျပ်တိုး ပေးရ၍ လယ်ပေါင် မြေပေါင်နှင့်သော် ၁၀၀-လျှင် တလ ၅-ကျပ်တိုး ပေးကြရလေသည်၊ ပစ္စည်းအပေါင်အနှံ အာမခံ မပေးနိုင်သူ လှေသမား တက်သမား၊ တံငါစသည်တို့ဖြစ်မူ ငွေ ၁၀၀-လျှင် တလ ၇-ကျပ်မှ ၁၀-ကျပ်တိုး ထိပင် ပေးရသည် များလည်း ရှိလေသည်[၂၅]၊ ယင်းသို့ မ-တည် အရင်းအနှီးကို အတိုးကြီးပေး၍ ချေးယူကြရသည့်ပြင် လယ်လုပ်ချိန်အတွင်း စားသုံးရန်အတွက်လည်း ဈေးသည်၊ ကုန်သည်၊ ပွဲစားတို့ထံမှ စပါးပေးအကြွေးစံနစ်ဖြင့် ဝယ်ယူစားသုံးကြရသည်။ သို့မဟုတ် မိမိစိုက်ခင်းကို တန်ရာတန်ဘိုးထက် ၂-ဆ ၃-ဆခန့် ချိုးနှိမ်ကာ တန်ဘိုးထား၍ ပင်ထောင်စံနစ်ဖြင့် ရောင်းချကြလေသည်၊ သို့နှင့် စပါးရိတ်သိမ်းချိန်ဝယ် လယ်ခွန်လယ်ခနှင့် အရပ်ရပ် ကြွေးမြီများကို ခုနှိမ်ပေးဆပ်လိုက်ပြီးသော် လယ်သမားများမှာငမ်းစာစပါး ရရုံမျှသာ ရှိ၍ ရွှေနှစ်အတွက် အရပ်ရပ် စရိတ်ကို အထက်နည်းအတိုင်း ပြန်လည်ချေးငှါး ကြရပြန်လေသည်၊ မိုးလေမမှန်၍ ပျိုးမအောင်သော နှစ်များ၊ ကျွဲနွားရောဂါကျရောက် သေပျောက်သောနှစ်များနှင့် အိမ်သူအိမ်သားများ မကျန်းမာရေး မမာရေး သာရေး နာရေးရှိသော နှစ်များတွင်မူ လယ်သမားတွင် ကြွေး

ဟောင်း မကျေသည်သာမက ကြွေးသစ်ထပ်ဆင့် တင်ရှိရလေသည်၊

ထိုသို့ ကြွေးမကင်းသူ လယ်သမားများ ရခိုင်ပြည် စစ်တွေစီရင်စုတွင် ၁၈၈၅-၆-ခုနှစ်က လယ်သမား ဦးရေ၏ ထက်ဝက်မက ရှိနေခဲ့လေသည်၊ ယင်းတို့အနက် ၁၁.၃၇-ရာနှုန်းသောသူတို့မှာ တင်ရှိသည့် ကြွေးကို တနှစ်အတွင်း ပြေလည်အောင် ပေးဆပ်နိုင်မည့် အခြေအနေ မရှိကြချေ။ တရာလျှင် ၂-ယောက်ခန့်တို့မှာမူ ကြွေးကို လုံးဝ မဆပ်နိုင်တော့၍ လယ်မြေ လက်လွှတ်ရမည့်သူများ ဖြစ်နေကြလေသည်၊ တင်ရှိသည့် ကြွေးမှာ ပျမ်းမျှ တဦးလျှင် ၉၀-ကျပ်မျှသာ ဖြစ်လေသည် [၂၆]။ စစ်တွေစီရင်စုရှိ လယ်သမားများမှာ ရောဝတီမြစ်ဝကျွန်းပေါ် ဒေသရှိ လယ်သမားတို့ထက် စားဝတ်နေရေး အဆင့်အတန်း ပိုမိုနိမ့်ကြသည်၊ ဖွံ့ဖြိုးတိုးတက်မှုမရှိ၊ သို့သော် အထူး ပိုမိုကြပ်တည်းဆင်းရဲသည်ဟူ၍ကား ဆိုဖွယ်မရှိ ဖြစ်လေသည် [၂၇]။ ပုသိမ်၊ ဟင်္သာတ၊ သာယာဝတီ၊ ပဲခူး၊ ဟံသာဝတီ စီရင်စုတို့၌ လယ်သမားများ ပိုမိုစိုပြေဝပြော ရှိကြသည်။ မြေဩဇာ ကောင်းမွန်ခြင်း၊ လယ်မြေ ပေါများခြင်း၊ အစာရေစာ ပေါများခြင်း၊ ရောင်းဝယ်ရေး အကွက်အကွင်း ပိုမိုသင့်ခြင်း လွယ်ကူခြင်းတို့ကြောင့် အခြားနယ်မြေဒေသတို့ရှိ လယ်သမားတို့ထက် ပိုမိုဖွံ့ဖြိုးလေသည်၊ ကြွေးကင်းသူများသည် ပိုမိုလျှော့ဒါန်း ပေးကမ်းသုံးစားနိုင်ကြသည်။ ယင်းနယ်မြေဒေသတို့၌ ၁၈၈၃-၄-ခုနှစ်က ကြွေးမကင်းသူ လယ်သမားများမှာ အောက်ပါအတိုင်း ရှိခဲ့သည်။

စီရင်စု	ကြွေးရှိသူရာခိုင်နှုန်း	တဦးလျှင်ပျမ်းမျှကြွေး [၂၈]
ပုသိမ်၊ဟင်္သာတ	၃၅°၄၇	၁၀၂-ကျပ်
ဟံသာဝတီ၊ပဲခူး	၅၃°၁၂	၂၅၇-ကျပ်
ပြည်	၄၈°၀၄	၁၀၀-ကျပ်

၁၈၈၅-၆-ခုနှစ်တွင်မူ ဟင်္သာတ စီရင်စုတွင် ၂၈°၃ ရာနှုန်းသော လယ်သမားတို့သာ တဦးလျှင် ပျမ်းမျှ ၈၁-ကျပ်ခန့် ကြွေးရှိကြလေသည် [၂၉]။ ကြွေးတင်သူ လယ်သမားများသည် များသောအားဖြင့် လယ်သိမ်းချိန်ဝယ် အတိုးရော အရင်းပါ ကြွေးကို ပြေလည်အောင် ပေးဆပ်နိုင်ကြသည်သာဖြစ်၍ ကြွေးနှင့် ခုနှိမ်ကာ လယ်မြေကို ရောင်းချ လက်လွှတ်ရသူ နည်းပါးသည် [၃၀] ဟု ဆိုပါသည်။ သို့သော် ၁၈၈၃-၄-ခုနှစ်အတွင်းကပင် ဟံသာဝတီ စီရင်စုတွင် ၁၂၄၈၅-ဧက၊ ပဲခူးတွင် ၂၃၆၄၈-ဧက၊ သာယာဝတီတွင် ၃၇၁၂-ဧကနှင့် ပုသိမ်တွင် ၅၃၅၂-ဧက လယ်မြေ လက်ပြောင်းလက်လွှဲ အရောင်းအဝယ် ရှိခဲ့ကြောင်းလည်း တွေ့ရလေသည် [၃၁]။ သာယာဝတီနယ်ရှိ လယ်ပိုင် ယာပိုင်လယ်သမားတို့သည် တဦးလျှင် ပျမ်းမျှ ၁၀-ဧကခန့်ရှိကြသည်။ ဟံသာဝတီ၊ ပဲခူး စီရင်စုတို့တွင်မူ တဦးလျှင် ၂၇°၃-ဧကထိ ပျမ်းမျှ ပိုင်ဆိုင်ကြလေသည် [၃၂]။

လယ်ပိုင် ယာပိုင်မဟုတ်သူ လယ်ငှါး လုပ်ကိုင်စားသောက်ရသူ လယ်သမားဦးရေမှာ ၁၈၈၁-ခုနှစ်၌ပင် ၄၀၈၉၃-ယောက် ရှိနေပြီ [၃၃] ဟု သိရပါသည်။ ယင်းလယ်ငှါး လူတန်းစား တနှစ်ထက် တနှစ် များပြားလာကြောင်းလည်း တွေ့ရသည်။ ပဲခူး၊ ဟံသာဝတီ၊ ပုသိမ်နှင့် သာယာဝတီ စီရင်စုတို့တွင် ၁၈၈၂-၃-ခုနှစ်က လယ်ငှါး လုပ်ကိုင်ရသူပေါင်း ၅၀၈၀-ယောက် [၃၄] ရှိခဲ့၍ ၁၈၈၄-၅-ခုနှစ်တွင် ၇၄၄၈ ယောက် [၃၅] ထိ တိုးတက်လာခဲ့သည်။ လယ်ငှါးတဦး၏ လုပ်ခင်းမှာ ၈-ဧကမှ ၃၀-ဧကထိ ပျမ်းမျှရှိ၍ လယ်ခွန် လယ်ခမှာ ပျမ်းမျှ တဧကလျှင် ၄-ကျပ်မှ ၆-ကျပ်နှုန်းထိ ကျသင့်လေသည် [၃၆]။ လယ်ငှါးဦးရေ တိုးပွါးများပြားလာသည်မှာ တနည်းအားဖြင့် ကြွေးမြီမကင်းသူ လယ်ပိုင် ယာပိုင်များ လယ်မြေ လက်လွှတ်ခြင်း များပြားလာ၍ ဖြစ်သည်ဟု ယူဆနိုင်ရန် ရှိပါသည်။ မြေဩဇာ ကောင်းမွန်၍ လုပ်ခင်း ပိုမိုကောင်းမွန် လွယ်ကူသော လယ်ထွက်အောင်မြင်ရန် စိတ်ချရသော ဒေသများရှိ လယ်သမားများ ကြွေးမြီ ပိုမိုတင်ရှိကြကြောင်းလည်း တွေ့ရပါသည် [၃၇]။ လယ်ထွက်ကို စိတ်ချရသဖြင့် ယင်းလယ်သမားတို့မှာ ကြွေးအချေးအယူ ပိုမိုရဲဝံ့သည်။ ငွေရှင် ကြွေးရှင်တို့ကလည်း စိတ်ချ ယုံကြည်သဖြင့် အထုတ်အချေး ပိုမိုရက်ရောကြသည်။ မိမိလုပ်အင်နှင့် ဝင်ငွေကို ကိုးစား ယုံကြည်သောကြောင့် ရသမျှကို သိမ်းစုဆောင်းခြင်း နည်းပါးကာ ရွှေ ငွေ လက်ဝတ်လက်စား စသည် ဝယ်ယူဆင်မြန်း သုံးဖြုန်း လှူဒါန်းလိုက်ကြသည်က များလေသည်။ တနှစ်လုပ်ခင်း၏ ဝင်ငွေ အလုံးအရင်းတွင် ပြန်လည်မြှုပ်နှံရမည့် မ-တည်

အရင်းအနှီးနှင့် အသားတင် အမြတ်ကို ခွဲခြားစိစစ်မှု နည်းလျက် အရင်းရော အမြတ်ပါ လွယ်လင့်တကူ စားသုံး လှူဒါန်း ပေးကမ်းလေ့ ရှိကြသဖြင့် အရင်းအနှီးအတွက် များသောအားဖြင့် နှစ်စဉ် ကြွေးအချေး အယူ မကင်းဘဲ ရှိနေကြရလေသည်။ သို့နှင့် အထက်မြန်မာပြည်ကို နယ်ချဲ့တို့ သိမ်းပိုက်ချိန်ဝယ် အောက်မြန်မာပြည်ရှိ လယ်မြေများ မည်ရွေ့မည်မျှ လယ်သမားထံမှ လယ်သမားမဟုတ်သူ တိုင်းရင်းသားနှင့် နိုင်ငံခြားသား ငွေရှင် ကြွေးရှင်တို့သို့ လက်ပြောင်းလွှဲ ရောက်ရှိနေပြီကို ထိုစဉ်က ကြေးတိုင် အစီရင်ခံစာများက သတိပြုမိခြင်း အတိအကျ စာရင်းတင်ခြင်း မရှိသေးစေကာမူ ထက်ဝက်မျှသော လယ်မြေများမှာ အပေါင်အနှံနှင့် ဖြစ်နေကြကြောင်းမှာမူ ကောင်းစွာ ထင်ရှားလေသည်။ လယ်မြေ အရောင်း အချ လက်ပြောင်း လက်လွှဲမှာ တောပိုင်းမှာထက် မြို့နားနီးသည့် ဒေသတို့၌ ပိုမို များပြားသည်။ ၁၈၈၁-ခုနှစ်ကပင် ရန်ကုန်အနီးတဝိုက်တွင် အိန္ဒိယအမျိုးသားတို့ လက်သို့ လယ်မြေ ပြောင်းလဲ ရောက်ရှိသွားမှု ၉-ခု ရှိခဲ့ပြီ ဖြစ်သည် [၃၈]။ ထိုကြောင့် ၁၈၈၅-၆-ခုနှစ်တွင်မူ စစ်တွေမြို့ရှိ ဘင်္ဂါလီကုန်သည် ပွဲစားများ၊ ရန်ကုန်၊ မော်လမြိုင်နှင့် မြစ်ဝကျွန်းပေါ်ဒေသ မြို့ကြီးများနေ ချစ်တီးယားများ၊ တရုတ်အမျိုးသားများ၊ တိုင်းရင်းသား ကြေးရေတတ်များ၊ ကုန်သည် ပွဲစားများ လက်သို့ လယ်မြေများ အတော်ပင် လက်ပြောင်းရောက်ရှိနေပေမည်ဟု ခန့်မှန်းနိုင်ပါသည်။

ဗြိတိသျှ မြန်မာနိုင်ငံ၏ စိုက်ပျိုးခြင်းများအနက် ကြံစိုက်ခြင်းမှာလည်း ထိုစဉ်က တိုးတက်လျက် ရှိခဲ့ရာ အသက်မွေး ဝမ်းကျောင်းအတွက် ကြံစိုက်ပျိုးကြသူများ၏ အခြေအနေမှာ လယ်သမားများနှင့် အလားတူပင် ရှိခဲ့လေသည်။ ပုသိမ်၊ သုံးခွ၊ ဟင်္သာတ ဒေသများရှိ ကြံစိုက်ပျိုးသူများမှာ များသောအားဖြင့် အထက်မြန်မာပြည်မှ ပြောင်းရွှေ့လာကြသူများဖြစ်ကြသည်။ ယင်းတို့မှာ ကုန်သည်ပွဲစားငယ်များဘဝဖြင့်၎င်း လယ်မြေ တီထွင်၍ လယ်သမားဘဝနှင့်၎င်း အခြေချလိုသူတို့ များကြ၍ ကျွဲနွား စသည် ဝယ်ယူရန် အရင်းအနှီး စုဆောင်းမိရုံ သုံးနှစ်ခန့်သာ ကြံစိုက်ပျိုးလေ့ ရှိကြသည်။ သို့နှင့် ယင်းတို့၏ လုပ်ခင်းမှာ တဦးလျှင် တကေထက် ပိုသည်ဟု မရှိလှချေ။ ကြံစိုက်ခင်းကို ကုန်စိမ်း ကုန်ခြောက် လက်လီ အရောင်းအဝယ်ကလေးများနှင့် တွဲဖက်လုပ်ဆောင်သူ များလေသည်။ အရင်းအနှီး စုဆောင်းမိသည်နှင့် တပြိုင်နက် ကြံခင်းကို လက်လွှတ်ကာ လယ်သမားဘဝသို့၎င်း ဈေးသည် ဆိုင်သည်ဘဝသို့၎င်း ကူးပြောင်းကြသဖြင့် စင်စစ် ကြံစိုက်ပျိုးသူ လယ်ယာကိုင်းကျွန်းသမားဟု ခေါ်ဆိုနိုင်ရန် ခဲယဉ်းသူများ ဖြစ်လေသည် [၃၉]။ ရခိုင်ပြည်တွင်မူ ကြံစိုက်ခင်း နည်းပါးသည်။ ပဲခူး၊ ရောဝတီ၊ တနင်္သာရီ ခရိုင်တို့၌ ထာဝရ ကြံခင်းချလျက် အသက်မွေးကြသူများမှာ များသောအားဖြင့် ရှမ်းနှင့် တောင်သူများ ဖြစ်ကြလေသည် [၄၀]။ ရွှေကျင်၊ ဘီးလင်း၊ သံဖြူဒေသတို့၌ ကြံအများဆုံး စိုက်ပျိုးကြသည်။

ကြံစိုက်ပျိုးခြင်းမှာ ကြံသကာ ချက်လုပ်ခြင်း လုပ်ငန်းနှင့် ဆက်စပ်နေရကား များစွာသော ဒေသတို့၌ ကြံစိုက်သူ ကြံခင်းရှင်များပင် ကြံသကာ ချက်လုပ်ရောင်းချသူများ ဖြစ်သည်။ ကြံကို စီးပွားဖြစ်စိုက်ပျိုးကြသူများမှာ လယ်သမားများကဲ့သို့ပင် မိမိတအိမ်ထောင် လုပ်အင်လုပ်အားထက် ပိုမိုလုပ်ဆောင်ကြရသဖြင့် လုပ်ငန်းအတွက် အကူအညီ လုပ်သားငှါးကြရသည်၊ ငွေအရင်းအနှီး ချေးငှါးစိုက်ထူကြရလေသည်။ အချို့ဒေသများတွင် ကြံစိုက်သူများသည် ကြံခင်းနှင့် တွဲဖက်၍ ဝမ်းစာစပါးအတွက် လယ်တကွက်နှစ်ကွက် လုပ်ကြသည်လည်း ရှိသည်။ လူငှါးနှင့် အများအပြား စိုက်ပျိုးရာ၌ စိုက်ပျိုးစရိတ်မှာ တကေလျှင် အကြမ်းအားဖြင့် ၉၀-ကျပ်ခန့် ကုန်ကျ၍ ယင်း တကေထွက်ကို ကြံသကာချက်လုပ်ရာ၌ ၆၀-ကျပ်ခန့် အရင်းဝင်သည် [၄၁]။ သို့နှင့် ကြံတကေခင်း လုပ်ဆောင်မှုမှာ အခင်းရှင်နှင့် လုပ်သားတို့ စားသုံးစရိတ်မပါဘဲ ၁၅၀-ကျပ် အရင်းရှိလေသည်။ တကေလုပ်ခင်းမှ ကြံသကာ ပိဿာ ၁၀၀၀ ထွက်သည်ဟု ခန့်မှန်းရာ ထိုစဉ်က ကြံသကာ ပေါက်ဈေး ပိဿာ ၁၀၀-လျှင် ၂၅-ကျပ်နှုန်းနှင့်သော် ငွေ ၂၅၀-ကျပ်ခန့် ရသဖြင့် စားသုံးစရိတ်မပါဘဲ အမြတ် တကေလျှင် ၁၀၀-ကျပ်ခန့် ကျန်လေသည်။ လူငှါး မခေါ်ဘဲ ကိုယ်တိုင်လုပ်ဆောင်သော စိုက်ခင်းငယ်များမှာမူ တကေလျှင် စိုက်ပျိုးစရိတ် ၂၀-ကျပ်ခန့် ကုန်ကျ၍ ကြံသကာ ချက်လုပ်ရာ၌ အရင်း ၆၀-ကျပ်ခန့် အဝင်နှင့်သော် တကေလျှင် စုစုပေါင်း အရင်း ၈၀ ကျပ်ခန့်သာ ရှိသဖြင့် အမြတ်၁၇၀-ကျပ်ရရှိလေသည် [၄၂]။ သို့သော်

တကောမျှသာ လုပ်ဆောင်သည့် စိုက်ခင်းငယ်များတွင် ယင်း ၁၇၀-ကျပ်ခန့်သော အမြတ်မှာ ကြံခင်းပိုင်ရှင် အိမ်ထောင်စု၏ စားသုံးစရိတ် ကာမိရုံသာရှိ၍ ပိုလျှံစု ဆောင်းမိခြင်း မရှိချေ။ လူငှါးနှင့် လုပ်ဆောင်သည့် စိုက်ခင်းကြီးများတွင်မူ အမြတ်ငွေမှာ ငွေတိုးပေးရ သည်နှင့်ပင် စားသုံးရသည် မရှိသကဲ့သို့ ဖြစ်နေလေ သည်[၄၃]။

ကြံစိုက်ပျိုးသူများ၏ အခြေအနေမှာ အခြားလယ် ယာကိုင်းကျွန်းသမားတို့၏ အခြေအနေနှင့် မထူးခြား ချေ။ ရွှေကျင်၊ ဘီးလင်းနယ်မြေဒေသတို့ရှိ ၅၀-ရာနှုန်း မကသော ကြံခင်းရှင်တို့၏ဘဝမှာ ၁၈၈၅-ခုနှစ်ကပင် တရုတ်အမျိုးသားနှင့် တိုင်းရင်းသား ငွေရှင်ကြေးရှင် အတိုးကြီးစား ငွေချေးသူများ၏ လက်တွင် ရှိနေခဲ့ လေသည်။ ငွေ ၁၀၀-လျှင် ၄၈-ကျပ်မှ ၆၀-ကျပ်ထိ ကြီးမြင့်သည့် အတိုးနှုန်းနှင့် အရင်းအနှီး ငွေကိုချေးယူ ရသည့်ပြင် စားသုံးနေရေး စရိတ် အရပ်ရပ်အတွက် အခင်းမှ ထွက်မည့် ကြံသကာကို မလုပ်ဆောင်ရမီ ပင်ထောင်ဘဝကပင် ပေါက်ဈေးထက် ၃၀-၄၀ ရာနှုန်း လျှော့၍ တင်ကြိုရောင်းချကြရသဖြင့် စင်စစ် ငွေတိုး နှုန်းမှာ ၁၀၀-လျှင် ၁၀၀- သို့မဟုတ် ၁၅၀-နှုန်းပေးနေ ကြရပေသည်[၄၄]။ သို့ဖြစ်၍ ရွှေကျင်၊ ဘီးလင်း၊ သဲဖြူ ဒေသတို့ရှိ ကြံစိုက်ပျိုးလုပ်ဆောင်သူများမှာ အစဉ် သဖြင့် ကြွေးမြီမကင်း ရှိနေကြလေသည်။ ဗြိတိသျှ အစိုးရတို့က ကြံစိုက်ပျိုးသူများသို့ ၁၈၈၃-ခုနှစ်တွင် အမတော် ငွေ ၇၀၀၀-ကျပ် ၁၈၈၄-ခုနှစ်တွင် ၂၀၀၀၀ ကျပ် နှင့် ၁၈၈၅-ခုနှစ်တွင် ၁၇၈၂၄-ကျပ် ထုတ်ချေး ခဲ့သည်။ သို့သော် အရင်းအနှီးမဲ့သူ ကြံစိုက်ပျိုးသူ စစ်စစ်တို့ လက်သို့ ယင်းချေးငွေ မရောက်ရှိသဖြင့် အခြေအနေမှာ များစွာထူးခြားခြင်း မရှိခဲ့ချေ။

ဗြိတိသျှမြန်မာနိုင်ငံခေါ် အောက်မြန်မာ ပြည်သူ ပြည်သားတို့၏ ၁၈၈၅-၆ ခုနှစ် အခြေအနေကို အစိုးရ၏ လယ်မြေ အခွန်ဝင်ငွေနှင့် ချိန်ဆရသော် ထိုစဉ်က အိန္ဒိယပြည်သူပြည်သားတို့ထက် စားဝတ်နေရေးအဆင့် အတန်းမြင့်ကြောင်း ပိုမိုချောင်လည်ကြကြောင်း တွေ့ ရပေမည်။ လူဦးရေ၏ ၉၀-ရာနှုန်းဖြစ်သော ကျေးလက် တောရွာနေ လယ်ယာကိုင်းကျွန်းသမားတို့သည် အစိုးရ တို့ ခန့်ခွဲသည့် လယ်ခွန်၊ လူခွန်စသည်တို့ကို နှစ်စဉ် ပြေလည်အောင် ပေးဆောင်နိုင်ကြသည်သာ ဖြစ်၏။ မိုးပါးသောနှစ်၌ ကုန်းခေါင်သောလယ်များ ပျက်စီး ခြင်းနှင့် မိုးများသောနှစ်၌ ရိုးလယ်များ မြေနိမ့်များ ရေ လွှမ်းမိုးနစ်မြုပ်ခြင်းစသည့် အပျက်အစီးများ အချို့ ဒေသတို့၌ တခါတရံ ပေါ်ပေါက်လျှင် ယင်းလယ်မြေ များအပေါ် အခွန်တော်ဟာချို့တဝက် ပလပ်လိုက်ရခြင်း များရှိသော်လည်း မည်သည့် စီရင်စုတွင်မှ အခွန် ကောက်ခံရ ခဲယဉ်းသည် ပျက်ကွက်သည်ဟု မရှိ၊ မကြီး မငြိ။ ကြည်ဖြူလွယ်ကူစွာပင် ထမ်းဆောင်ကြသည်[၄၅] ဟု ဆိုပါသည်။ မိုးခေါင်၍ ဆန်စပါးမဖြစ်ထွန်းသော သရက်မြို့ စီရင်စုတွင်မူ လယ်သမားတို့ကို သစ်၊ ဝါး ရှားစသည် သစ်တောထွက် ပစ္စည်းအချို့ထုတ်ယူရောင်း ချနိုင်ရန် အထူးအခွင့်တရပ်ပေးသည်နှင့်ပင် အခွန်တော် ပြေလည်ကြပေသည်[၄၆]။ သို့နှင့် ၁၈၇၀-ခုနှစ်မှ ၁၈၈၃-ခုနှစ်ထိ ၁၂-နှစ်အတွင်း ဗြိတိသျှ မြန်မာနိုင်ငံတွင် အစိုးရတို့ ကောက်ခံရရှိသည့် အခွန်တော်ငွေဝင်မှာ ၁၀၂-ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့လေသည်။ ဗြိတိသျှ မြန်မာနိုင်ငံတွင် အိန္ဒိယဗဟိုရ်အစိုးရ ရုံပုံငွေ၊ ပြည်နယ် အစိုးရရုံပုံငွေ၊ မြူနီစီပယ်ရုံပုံငွေနှင့် ဒေသန္တရရုံပုံငွေ အသီးသီးတို့သို့ ပြည်သူတို့ ပေးဆောင်ရသော အခွန် ငွေနှင့် လူတဦးချင်းပေါ် အခွန်ငွေအကျမှာ ၁၈၈၁-ခုနှစ်မှ ၁၈၈၅-ခုနှစ်ထိ အတွင်းအောက်ပါအတိုင်းရှိနေ ခဲ့လေသည်။

ခုနှစ်	ရုံပုံငွေအသီးသီးသို့ပေး ဆောင်သောအခွန်ငွေ	တဦးလျှင် အခွန် ငွေ အကျ[၄၇]။
	ကျပ်	ကျပ်
၁၈၈၁-၂	၂၉၉၆၉၀၉၁	၈.၀၂
၁၈၈၂-၃	၃၀၈၀၅၆၈၄	၈.၂၅
၁၈၈၃-၄	၃၁၂၇၂၉၁၈	၆.၈၁
၁၈၈၄-၅	၂၉၄၇၅၄၃၀	၆.၅၄
၁၈၈၅-၆	၂၉၁၇၃၄၀၅	၆.၂၇

၁၈၈၃-၄-ခုနှစ်က ဗြိတိသျှ မြန်မာနိုင်ငံ၏ လူဦးရေ ကို ၄၃၃၄၀၀၀-ရှိမည်ဟု ခန့်မှန်းရာ လူဦးရေနှင့် ပျမ်း မျှသော် အိန္ဒိယဗဟိုရ်အစိုးရ **အင်ပီရီရယ်ရုံပုံငွေနှင့်** ပြည်နယ်ရုံပုံငွေအတွက် ထမ်းဆောင်ရသော အခွန် **တော်၏ တဦးချင်းကျ** အကျမှာ ၅-ကျပ် ၁၀-ပဲရှိလေ **သည်။ ထိုစဉ်က လူဦးရေ သန်း ၂၀၀-ခန့်ရှိသော**

Click Here To Continue Page